ဒီဇင်ဘာလ 12 ရက်၊ 2024

**ခေါင်းဆောင်သစ်များထံ တာဝန်လွှဲပြောင်းခြင်းမပြုမီ ဂုဏ်ပြုပွဲ ဆင်နွှဲကျင်းပခဲ့ကြသည့် လုပ်သက်အနားယူတော့မည်ဖြစ်သော ဘုတ်အဖွဲ့ဝင်များ**

DeKalb ကောင်တီ ပညာရေးဘုတ်အဖွဲ့၏ 2024 အတွက် နောက်ဆုံးအကြိမ် အဆုံးသတ် ပုံမှန် တွေ့ဆုံဆွေးနွေးပွဲအား ဒီဇင်ဘာလ 9 ရက်နေ့တွင် ဆောင်ရွက်ခဲ့ပြီး၊ တာဝန်ကျေပွန်ခဲ့ကြသော ဘုတ်အဖွဲ့ဝင် သုံးဦးသည် ရာထူးမှ နေရာဖယ်ပေးဖို့ ပြင်ဆင်လျက်ရှိသည်ဖြစ်ရာ ၎င်းတို့အား လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုခြင်းအားဖြင့် စည်းဝေးပွဲအား အဆုံးသတ်ခဲ့သည်။ လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်းများ နှင့် ရပ်ရွာအဖွဲ့အစည်းမှ အဖွဲ့ဝင်များတို့ဖြင့် ဝန်းရံခြံရံလျက် DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) သည် ဘုတ်အဖွဲ့ အစည်းအဝေးပွဲ၌ Mrs. Anna Hill ၊ Dr. Joyce Morley နှင့် Mrs. Vickie B. Turner တို့အား ချီးကျူးဂုဏ်ပြုခဲ့ပြီး၊ ထို့နောက် ၎င်းတို့အား ဂုဏ်ပြုသည့်အနေဖြင့် ညှော်ခင်းညှော်ခံခဲ့ပေသည်။

ဤအသိအမှတ်ပြုမှုသည် ဂုဏ်ပြုဆင်နွှဲမှုတစ်ရပ်ဖြစ်ကာ တစ်ဖက်တွင်လည်း သိသာထင်ရှားသော မှတ်ကျောက်တိုင်တစ်ခုအဖြစ် မှတ်ယူနိုင်ပေသည်။ ၎င်းအခမ်းအနားသည် ခိုင်မာသော ယုံကြည်ချက်၊ တီထွင်ဖန်တီးမှု၊ မြတ်နိုးတန်ဖိုးထားမှုများဖြင့် မိမိတို့၏ ရာထူးကဏ္ဍအား တာဝန်ကျေပွန်ခဲ့ကြသော ပုဂ္ဂိုလ် သုံးဦး၏ တစ်ခန်းရပ် နိဂုံးအား အမှတ်အသားပြုပေးခဲ့ခြင်းလည်း ဖြစ်သည်။ အဆိုပါဘုတ်အဖွဲ့ဝင်တစ်ဦးစီသည် ငွေကြေးပိုင်းဆိုင်ရာ စီမံကွပ်ကဲမှုမှအစ ကျောင်းသားများ၏ အောင်မြင်မှုနှင့် ပြည့်စုံဖူလုံမှုတို့အပေါ် ဗဟိုပြုထားသော မူဝါဒများအထိ အမျိုးမျိုးသော ကဏ္ဍများတွင် အသစ်သော အခွင့်အလမ်းများအား ဖန်တီးဆောင်ရွက်ပေးနိုင်ခဲ့သော ၎င်းတို့၏ အောင်မြင်မှုများကို အမွေချန်ထားပေးရစ်ခဲ့သူများ ဖြစ်သည်။

ကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton သည် နှစ်ပေါင်းများစွာကာလတစ်လျှောက် အဆိုပါပုဂ္ဂိုလ်များ၏ ဝန်ဆောင်မှုများနှင့် နှစ်မြှုပ်အားထုတ်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ချီးကျူးဂုဏ်ပြုခဲ့သည်။

"ကျွန်ုပ်တို့ ခရိုင်ကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်လာစေဖို့အတွက် သူတို့ဟာ တစ်စိုက်မတ်မတ်ဆိုသလို အမြင့်ဆုံး နှစ်မြှုပ်အားထုတ်ဆောင်ရွက်ပေးခဲ့ကြတာကို တွေ့ ရှိရပါတယ်၊" ဟု DCSD ၏ ကြီးကြပ်သူဌာနမှူးဖြစ်သူ Dr. Devon Q. Horton မှ ပြောကြားခဲ့သည်။ "ခရိုင်ကို ဦးဆောင်ဖို့အတွက် ဒီဘုတ်အဖွဲ့က ကျွန်တော့်ကို ရွေးချယ်ခဲ့တဲ့အပေါ် ကျွန်တော် အလွန်ပဲ ဂုဏ်ယူမိပါတယ်၊ ဒီလို သာမန်ထက်ထူးခြားသာလွန်တဲ့ ပုဂ္ဂိုလ်တွေနဲ့အတူ အလုပ်တွဲလုပ်ရတာကို ပိုပြီးတောင် ဂုဏ်ယူမိပါတယ်။"

2021 မှစတင်၍ ခရိုင် 1 ၏ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော Mrs. Anna Hill သည် သူမ၏ အလုပ်တာဝန်နှင့်ပတ်သက်၍ အသေးစိတ် စေ့စပ်သေချာကာ ငွေကြေးစီမံခန့်ခွဲမှုအပေါ် အဓိကအာရုံပြု၍ မှန်ဘီလူးဖြင့် အထပ်ထပ်ကြည့်ရှုစစ်ဆေးတတ်သူ ဖြစ်သည်။ Georgia တွင် လိုင်စင်ရရှိထားသော အသိအမှတ်ပြုလက်မှတ်ရ အစိုးရ စာရင်းကိုင်တစ်ဦးဖြစ်သည့်အပြင် သူမ၏ သားဖြစ်သူသည်လည်း မကြာသေးခင်က Chamblee အထက်တန်းကျောင်းမှ ကျောင်းပြီးမြောက်အောင်မြင်ခဲ့သည်ဖြစ်ရာ သူမသည် ဘဏ္ဍာငွေကြေးရေးဆိုင်ရာ ရှုထောင့်အမြင်များ နှင့် လူထုဖြင့် နက်ရှိုင်းသော ဆက်သွယ်ချိတ်ဆက်မှုတို့ကို ဆောင်ကြဉ်းပေးလာနိုင်သူ ဖြစ်သည်။ သူမ၏ လုပ်သက် သက်တမ်းတစ်လျှောက်တွင် Mrs. Hill သည် စည်းလုံးညီညွတ်မှုအား ပျိုးထောင်ဖွံ့စည်းလျက် တစ်ဖက်တွင်လည်း ခရိုင်၏

ငွေကြေးပိုင်း ဘဏ္ဍာထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ တစ်စိုက်မတ်မတ် အားဖြည့်လုပ်ဆောင်နိုင်ခဲ့သည့်အပေါ် ဂုဏ်ယူခဲ့ရသူ ဖြစ်သည်။

"အသိအမှတ်ပြုလက်မှတ်ရရှိထားတဲ့ အစိုးရ စာရင်းကိုင်တစ်ဦးအနေနဲ့ ကျွန်မ ဘယ်လို ပါဝင်၊ ကူညီပေးနိုင်မလဲဆိုတာကို မိဘရှုထောင့်ကနေ ကျွန်မ စဉ်းစားတယ်၊" ဟု သူမမှ ဆိုသည်။ "ကျွန်မတို့ဟာ ခရိုင်တစ်ခုအဖြစ်၊ တစ်စုတစ်စည်းတည်းရှိတဲ့ ရပ်ရွာအဖွဲ့ အစည်းတစ်ခုအဖြစ် တိုးတက်ကြီးထွားလာတာ ဖြစ်ပါတယ်။ ကျောင်းခရိုင်တစ်ခုလုံး - ခရိုင် ခုနစ်ခုစလုံး- အတွက် အလုပ်လုပ်ရတာ၊ ပြီးတော့ လူတိုင်းအတွက် ထည့်သွင်းစဉ်းစားရတာဟာ တကယ်ကို အံ့သြဖို့ကောင်းတဲ့ အပြောင်းအလဲတစ်ခုပါ။ ဒါ့အပြင် ဒီအလုပ်အပေါ် ကျွန်မ တကယ်ကို ဂုဏ်ယူမိပါတယ်။"

ခရိုင် 7 အတွက် ဘုတ်အဖွဲ့ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သော Dr. Joyce Morley ၏ လုပ်သက် သက်တမ်းတစ်လျှောက်သည် ရေရှည် ကတိကဝတ်ပြုနစ်မြုပ်အားထုတ်မှုများနှင့် ပညာရေးပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတို့၏ အရေးပါမှုများကို မြင်သာစေခဲ့သည်။ လက်ရှိဘုတ်အဖွဲ့တွင် သက်တမ်းအကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သည့် အဖွဲ့ဝင်တစ်ဦး ဖြစ်သည်နှင့်အညီ 2013 ကတည်းက ဘုတ်အဖွဲ့တွင် ပါဝင်ခဲ့သော Dr. Morley သည် DCSD ၏ ဆင့်ကဲပြောင်းလဲတိုးတက်မှုများနှင့်ပတ်သက်၍ အလွန်ပင် ရင်းနှီးကျွမ်းဝင်မှုရှိသူ ဖြစ်သည်။ အစိုးရကျောင်းတွင် ပညာရေးဝန်ထမ်းတစ်ဦးအနေနှင့်ရော အထက်တန်းကျောင်းနောက်ပိုင်း ပရော်ဖက်ဆာတစ်ဦးအနေနှင့်ပါ လုပ်သက်အတွေ့အကြုံရှိသည့် သူမ၏ နောက်ခံဘက်ဂရောင်းသည် သူမ၏ ရှုထောင့်အမြင်များနှင့် နားလည်တတ်ကျွမ်းမှုတို့ကို ပို၍ နက်ရှိုင်းမြင်သာစေခဲ့သည်။ သူမအတွက်မူ ခရိုင်၏ စစ်မှန်သော အဆီအနှစ်သွေးကြောသည် ကျောင်းသားများကိုယ်၌အပေါ် မူတည်နေခြင်း ဖြစ်သည်။ သူမအတွက်မူ ၎င်းသည်သာ စစ်မှန်သော အောင်မြင်မှု တိုင်းတာချက် ဖြစ်ပေသည်။

"ကျွန်မက လုပ်သက် နှစ်ပေါင်း 40 ကျော်ရှိထားတဲ့ ပညာရေးဝန်ထမ်းတစ်ဦးပါ၊ ဒီဟာက ကျွန်မအတွက်တော့ တကယ်ကိုကြီးမားတဲ့ လုပ်သက်အတွေ့အကြုံတစ်ခုပါ။ ကျွန်မအတွက် အကောင်းဆုံးသော ဆုချီးမြှင့်မှုကိုခံစားရစေတာက ကလေးတွေပဲ ဖြစ်ပါတယ်၊" ဟု Dr. Morley မှ ဆိုသည်။ "ကျွန်မ စာသင်ကျောင်းတွေကို လည်ပတ်စစ်ဆေးတဲ့အခါ၊ ဒါမှမဟုတ် ကျောင်းအုပ်တွေထံကနေ ကြားသိရတဲ့အခါမျိုးမှာ တကယ်ကို စိတ်လှုပ်ရှားမိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ — ကလေးတွေရှိနေတဲ့ စာသင်ကျောင်းတွေမှာ ဘာတွေ၊ ဘယ်လိုတွေဖြစ်နေလဲဆိုတာ သိရှိထားဖို့ကသာ အဓိကအချက်ဖြစ်ပြီး၊ ဒီအရာအတွက်သာ ကျွန်မတို့ လုပ်ဆောင်နေကြခြင်း ဖြစ်ပါတယ်။"

ခရိုင် 5 ၏ ကိုယ်စားလှယ်ဖြစ်ကာ ယခင် ဘုတ်အဖွဲ့ ဥက္ကဋ္ဌဟောင်းလည်းဖြစ်သည့် Mrs. Vickie B. Turner မှာမူ လုပ်သက်အတွေ့အကြုံ ဆယ်စုနှစ် နှစ်စုကျော် ရှိထားသော ပညာရေးဝန်ထမ်းတစ်ဦး ဖြစ်ပေသည်။ ဘုတ်အဖွဲ့တွင် 10 နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း သူမသည် ယုံကြည်စိတ်ချ အားထားရသော အသံ၊ အကြံပြုချက်များကို တစ်စိုက်မတ်မတ် ထောက်ပံ့ပေးခဲ့သူ ဖြစ်သည်။ ဒုဥက္ကဋ္ဌအနေနှင့်ရော ဥက္ကဋ္ဌအနေဖြင့်ပါ လုပ်ဖော်ကိုင်ဖက်များ၏ ရွေးချယ်တင်မြှောက်ခြင်းကို ခံခဲ့ရသော Mrs. Turner ၏ ခေါင်းဆောင်မှုစွမ်းရည်သည် သူမ၏ ယုံကြည်ချက် နှင့် ခိုင်မာသော ကျင့်ဝတ်၊ ကိုယ်ကျင့်တရားကောင်းမွန်မှုတို့အပေါ် အခြေခံထားခြင်း ဖြစ်သည်။ သူမသည် အစိုးရကျောင်း ပညာရေးအား သူမကိုယ်တိုင်ထက်ပင် ပိုမို အရေးကြီးသော အကြောင်းအရာကိစ္စရပ်တစ်ခုအဖြစ် ရှုမြင်ပြီး၊ DeKalb ကောင်တီတစ်ဝှမ်းမှ ကျောင်းသားများ၊ မိသားစုများနှင့် ဝန်ထမ်းများတို့၏ အသက်တာအား တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းအားထုတ်၊ နှစ်မြှုပ်ဆောင်ရွက်လျက်ရှိသူ ဖြစ်သည်။

"အစိုးရကျောင်း ပညာရေးထက် ပိုမိုကြီးကျယ်တဲ့ အကြောင်းအရင်း ကိစ္စရပ် တစ်စုံတစ်ခုမှ မရှိပါဘူး။ ကျွန်မတို့အားလုံးဟာ ကျွန်မတို့ ရပ်ရွာအဖွဲ့အစည်း ရင်ဆိုင်နေရတဲ့ ပြဿနာနဲ့ စိန်ခေါ်မှုတွေကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောပြနိုင်တာကြောင့် အဖြေတစ်ခုကို ရှာဖွေဖို့ တစ်စုံတစ်ရာက ကျွန်မကို တောင့်ခံ၊ ဆက်လက်ရှေ့တိုးဆောင်ရွက်စေပါတယ်၊" ဟု Mrs. Turner မှ ဆိုသည်။

"ဒါပေမဲ့လည်း အဖြေရှာဖွေဖော်ထုတ်တွေ့ ရှိသူဖြစ်လာဖို့ကတော့ နောက်ထပ် ကိစ္စရပ်တစ်ပိုင်း ဖြစ်ပြီး၊ ဒီအရာက ကျွန်မအတွက်တော့ တကယ်ကို အရေးကြီးပါတယ်။ DeKalb ကောင်တီကျောင်းခရိုင်ရဲ့ တမူထူးခြားချက်ဖြစ်တဲ့ အရမ်းကို မတူကွဲပြားစုံလင်ပြီး၊ တစ်ဖက်မှာလည်း အကြောင်းအရင်းကို အဓိကဇဟိုပြု ဆောင်ရွက်ကြတဲ့ အုပ်စုအဖွဲ့နဲ့အတူ တွဲဖက်လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိတဲ့အတွက် အရမ်းကို ဂုဏ်ယူမိပြီး၊ အခွင့်ထူးတစ်ရပ်လို ခံစားမိပါတယ်။ ကျွန်မတို့အားလုံး တက်ညီလက်ညီ ဆောင်ရွက်လိုက်တာနဲ့တစ်ပြိုင်နက် ကျွန်မတို့ဟာ ကြီးကျယ်ခမ်းနားတဲ့ အရာတွေကို အောင်မြင်လုပ်ဆောင်နိုင်ခဲ့ကြပြီး၊ ဒီအရာဟာ ဂုဏ်ယူစရာတစ်ရပ်ဖြစ်သလို့ အထူးအခွင့်ထူးခံကိစ္စရပ်တစ်ခုလည်း ဖြစ်ပါတယ်။"

မတူကွဲပြားစုံလင်သော လူမှုအဖွဲ့အစည်းများအား ပေါင်းစည်းစေခဲ့ပြီး၊ ဘဏ္ဍာငွေရေးကြေးရေး တာဝန်အား အကောင်းဆုံး စီမံဆောင်ရွက်ပေးနိုင်ခဲ့ကာ DeKalb ကောင်တီ၏ အရေးအပါဆုံးဖြစ်သည့် ကျွန်ုပ်တို့ ကျောင်းသားများအပေါ် တစ်ကြိမ်တစ်ခါမျှ တာဝန်ပျက်ကွက်ခဲ့ဖူးခြင်း မရှိသည့် ဤခေါင်းဆောင် သုံးဦးသည် ၎င်းတို့၏ အဖိုးမဖြတ်နိုင်သော ဤအမွေအနှစ်အား ချန်ရစ်ပေးခဲ့ကာ တာဝန်မှ အနားယူကြတော့မည် ဖြစ်သည်။

တစ်ဖက်တွင်လည်း သေချာပေါက်ပြောနိုင်သည်မှာ နောင်တက်လာမည့် ဘုတ်အဖွဲ့ဝင် အသစ် သုံးဦးသည်လည်း ခရိုင်တစ်ဝှမ်း အကောင်းဆုံးတိုးတက်လျက်ရှိသော ပညာရေး ပတ်ဝန်းကျင်အား တည်ဆောက်ဖန်တီးပေးရန်ဌာ ၎င်းတို့၏ သစ်လွင်ဆန်းသစ်သော ရှုထောင့်အမြင်များကို ဆောင်ကြဉ်းပေးလာမည်ဆိုသည့် အချက်ပင် ဖြစ်သည်။ ၎င်းတို့၏ ခရီးစဉ်သည် ၎င်းတို့မတိုင်မီ အစပျိုးပေးခဲ့သော ဘုတ်အဖွဲ့ဝင်ဟောင်းများ၏ လေးစားဖွယ်သော အောင်မြင်စွမ်းဆောင်နိုင်မှုများအပေါ် အခြေပြု၊ နောက်ခံထားကာ အစပြုမည် ဖြစ်ပေသည်။

XXX